မြို့စာပေနှင့်ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း၏

# မြို့တိုင်းရင်းသားလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုနှင့် ခေတ်အလိုက်ရိုးရာ ဝတ်စား ဆင်ယင်မှုဆိုင်ရာ မှတ်တမ်းဓါတ်ပုံများ။

Ahton Cultural Research & Development Center – Yangon
မှ ပုံ့ပိုးကူညီသည်။

# မြို့တိုင်းရင်းသားလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုနှင့် ခေတ်အလိုက်ရိုးရာ ဝတ်စား ဆင်ယင်မှုဆိုင်ရာ မှတ်တမ်းဓါတ်ပုံများ။

မြို့လူမျိုးတို့သည် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဝတ်စားဆင်ယင်မှုများသည်လည်း ခေတ်ပေါ် ဝတ်စားဆင်ယင်မှုများဖြင့် အပြောင်းလဲ ဝတ်စား ဆင်ယင်လာကြသည်။ မြို့လူမျိုးတို့၏ ဝတ်စား ဆင်ယင်မှုများအား ဗြိတိသျှခေတ်တွင်ဓါတ်ပုံ မှတ်တမ်းတင်မှု အားနည်းခဲ့ကြဟန် တူသည်။ သို့သော် သမိုင်းမှတ်တမ်းများအရ မှတ်တမ်းတင်မှုအချို့နှင့် ရှေးခေတ်လက်ရာ အမွေအနှစ်အချို့၏ အထောက် အထားများအရ ၎င်းလူမျိုးတို့၏ ဝတ်စား ဆင်ယင်မှုကို သိရှိနိုင်ပါသည်။ ယနေ့ခေတ်တွင် ရိုးရာယဉ်ကျေးမှု ပွဲလမ်းသဘင်များတွင်သာ မိမိရိုးရာဝတ်စုံများကိုသာ ဝတ်ဆင်လာကြသည်။ ခေတ်အလိုက် ပုံစံအနည်းငယ် ပြောင်းလဲမှုများလည်း ရှိသည်။

## (၁) ရှေးအမျိုးသားတို့၏ ဝတ်စားဆင်ယင်မှု

ရှေး မြို့ လူကြီးတို့သည် အလျား (၁၂) တောင်၊ အရှည်ရှိသော တောင်ရှည်ပုဆိုးကို ရှေ့တစ်စ၊ နောက်တစ်စ ထား၍ ခါးတောင်းကျိုက် ဝတ်ဆင်ကြသည်။ ရှေ့အစ နောက်အစသည် တွဲလွဲကျသည်။[1] မင်္ဂလာပွဲနှင့် မင်းခမ်းမင်းနားတို့တွင် ပေ (၂၀) ထက်ကျော်သော ဂျက်ခုတ်ရက်ထည်ကို ခါးတွင် သုံးပတ် ပတ်ပြီး နောက်မြီး အစွန်းရှည်ကို ပေါင် နှစ်ဘက်လုံး သုံးပတ် ကျော့ဝတ်ကာ ရှေးမြီး နောက်မြီးကို လက်ဝဲဘက် ခါးတွင် အစချင်းပူး ချည်နှောင်လျှက် အစွန်းနှစ်ဘက်အတူ ချထားရသည်။ ကိုယ်ဝတ် အင်္ကျီကိုကား ကောင်းမွန်စွာ ရက်လုပ်ထားသော အဖြူ ရက်ထည်ပေါ်တွင် အနီစင်းကြောင်း လက်ဝဲ၊ လက်ယာ နှစ်ကြောင်း စီ ရှေ့နောက် လေးကြောင်းပါသော ဂျက်ခုတ်ရက်ထည် အင်္ကျီလက်တို ဝတ်ဆင်ကြသည်။ သို့မဟုတ် အလျား (၆) ပေ၊ အနံ (၄) ပေရှိ ပန်းအလှများ ဖော်ဆောင် ရက်လုပ်ထားသော "နီလိုင်" (lelien)ခေါ် ကိုယ်လွှမ်းခြုံထည်ကို ဘယ်ဖက် ပခုံးပေါ်တင်ပြီး လွှမ်းခြုံထားလေ့ရှိသည်။[2] သို့သော် မြို့လူမျိုးများသည် ရှေးရှေးကခန္ဓာကိုယ် အထက်ပိုင်းတွင် အဝတ်မဲ့ နေလေ့ရှိကြသည်။

ရှေးမြို့လူကြီးများသည် ယောင်ထုံးကို ဘယ်စောင်းထုံးလျှက် "လူ့ပေါင့်"(Lupong) ဟုခေါ်သော ခေါင်းပေါင်းဖြူ ပိတ်စ (သိုမဟုပ်) ပန်းရောင်ကို ပေါင်းကြသည်။ ပွဲလမ်းသဘင်များတွင် ပိုးခေါင်းပေါင်းကို

[1] မောင်စာခေါင် ၊ မြို့ ဘာသာစကား၏ စကားသံများကို အသုံးချ သဒ္ဒဗေဒအမြင်နှင့် လေ့လာချက်၊ (ရန်ကုန် တက္ကသိုလ်၊ ၁၉၉၀)၊ စာ - ၄၆။

[2] စိန်သာအောင် ( ပလက်ဝ)၊ "မြို့"တို့အကြောင်း ရှေးဖြစ်ဟောင်းဆောင်းပါးစုများ၊ ၂၀၁၅၊ (စာ- ၁၂၄)

ပေါင်းကြသည်။ ထိုသို့ဝတ်လျှင် ဂုဏ်သရေ ရှိသည်ဟု ယူဆကြသည်။ ခေါင်းပေါင်ထည်ကို "လူ့ပေါင့်" (Luponq)ဟု ခေါ်သည်။ ဆံထိုးကို "ဆင်ဘိန်း"ဟု ခေါ်ကာ ပန်းဖွာကို "အဆွိ"ဟု ခေါ်သည်။ နားနှစ်ဖက်တွင် အချင်းနှစ်လက်မရှိ အဝိုင်းကွင်းနားကွင်းကြီး နှစ်ကွင်းကို ဝတ်ဆင်ထားသည်။ ထိုနားကွင်းသည် ငွေကြေးချမ်းသာမှုကိုလိုက်၍ ငွေသားနှင့် လုပ်ထားသော နားကွင်းအပြင် ချမ်းသာသူတို့ကား ရွှေဖြင့်ပြုလုပ် ထားသော နားကွင်းများကို ဝတ်ဆင်ကြသည်။

## (၂) အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှု

မြိုအမျိုးသမီး များသည် ဒူးအောက်နားထိရှည်သော စကပ်ပုံ အိန ( ခေါ် ) ထဘီကို ရစ်ပတ်၍ ဝတ်ဆင်ကြသည်။ အနံ(၁)ပေခွဲ၊ အလျား (၂) ပေခွဲခန့်ရှိသော လေးထောင့်ပုံ ရင်ကပ် (lelienq) ကို ဘယ်ဘက် ချိုင်းကြားမှ ညာဘက်ပခုံးပေါ် သို့ သိုင်းတင် ချည်နှောင်ရသည့် ရင်ဖုံး အဝတ်ကို ဝတ်ဆင်ကြသည်။

ခါးတွင် သန္တာစေ့များကို သီထားသည့် ခါးပတ်များ၊ ငွေကြိုးများ၊ ငွေဒင်္ဂါးတန်ဆာများကို ဝတ်ဆင်ကြသည်။ သန္တာစေ့ပုတီးလည်ဆွဲများ၊ ငွေဒင်္ဂါး လည်ဆွဲများကိုလည်း ဆင်မြန်းကြသည်။ ငွေလက်ကောက်၊ ငွေခြေကျင်း၊ ငွေနားဆွဲများကို ဝတ်ဆင်ကြသည်။ နားဆွဲမှာ ကန်စွန်းပွင့်သဏ္ဌာန်၊ ခါးတွင် အနည်းငယ် ကျဉ်း၍ ၂ - လက်မခန့် ရှည်သည်။ ပွဲလမ်းသဘင်များတွင် ငွေထည်လက်ဝတ်လက်စားများ ကို ဆင်မြန်း၍ ထောက်ပင် ( ခေါ် ) တဘက်ကိုလွှမ်းခြုံ ကြသည်။ ဦးခေါင်းပေါ်တွင် သန္တာစေ့ ပုတီးကုံးများ ကို ပတ်၍ ဆင်မြန်း ကြသည်[3]။

တိုးတက်မှုမြန်နေသော ယနေ့လူ့အဖွဲ့စည်းတွင် ခေတ်ပေါ်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာမှုများ ရှိလာပြီ ဖြစ်သည်။ မူလ ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုများကိုကား မီးချောင်း၊ ပီချောင်း ဘက်တွင်သာ တွေ့ရှိနိုင်တော့မည် ဖြစ်သည်။

[3] မောင်စာခေါင် ၊ မြို ဘာသာစကား၏ စကားသံများကို အသုံးချ သဒ္ဒဗေဒအမြင်နှင့် လေ့လာချက်၊ (ရန်ကုန် တက္ကသိုလ်၊ ၁၉၉၀)၊ စာ - ၄၆။

## ( ၃ ) ခေတ်အလိုက် တွေ့မြင်ရသော မြို့လူမျိုးတို့၏ ဝတ်စား ဆင်ယင်မှုများ။





ပုံ။ ( က ) လက်ရှိမြို့လူမျိုးတို့ တွင် ရှိသော မြောက်ဦး ခေတ်၊ ဝတ်စားဆင်ယင်ပုံ မြို့လူမျိုး ကြေးရုပ်ထုဖြစ်ပြီး အရွယ်အစားမှာ အမျိုးသားရုပ်ထု ( ၆.၅ လက်မ ) ၊ အမျိုးသမီးရုပ်ထု( ၅ လက်မ )

Ahton Cultural Research & Development Center – Yangon မှ ပံ့ပိုးကူညီသည်။

(








ပုံ။ ( ခ ) လက်ရှိမြို့လူမျိုးတို့တွင် ရှိသော မြောက်ဦးခေတ် မြို့လူမျိုးတို့ ၏ ဝတ်စား ဆင်ယင်ပုံ ကျောက်ရုပ်ထု။ အရွယ်အစား ၇ လက်မခန့်ရှိသည်။

## ( ၄ ) ၁၉၄၀ ခုနှစ် မတိုင်မီ မြိုလူမျိုးတို့ ၏ ဝတ်စား ဆင်ယင်မှု များ။




ပုံ ( က )၊ ၁၉၃၀ - ခုနှစ် မြိုလူမျိုး မိသားစု

- နေရာ၊ ပလက်ဝမြို့နယ်၊ သာယာကုန်းကျေးရွာ
- စာအုပ် ၊ Dense Jungle Green
- စာမျက်နှာ ၁၉၂

## ( ၅ ) ၁၉၆၀ မှ ၁၉၈၀ ခုနှစ် မြို လူမျိုးတို့၏ ဝတ်စားဆင်ယင်မှု များ




ပုံ ( က ) ၊ ၁၉၆၈ ခုနှစ် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ မြို အမျိုးသမီး တစ်ဦး။

- ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာ ဓလေ့ ထုံးစံများ ( ချင်း )
- စာမျက်နှာ ၆၅




ပုံ ( ခ ) ၊ မလှဖြူ ( မြိုအမျိုးသမီး )

- ဘောက်ထော်၊ ရန်ကုန်မြို့
- ၁၉၇၂ ခုနှစ်




ပုံ ( ၈ ) ၊ မမြစိန် (မြို အမျိုးသမီး)

- ၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုနေ့
- တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ




ပုံ ( ဃ ) ၊ မကြာဇံဖြူ ( လမ်းမတော် )

- ၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုနေ့
- တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ




ပုံ ( င ) ၊ ၁၉၇၆ ခုနှစ် ရခိုင်ပြည်နယ် မှ မြို လူမျိုး အမျိုးသား ၊အမျိုးသမီး ပုံ။

- ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ် ကျေးမှု ရိုးရာ ဓလေ့ ထုံးစံများ ( ချင်း )
- စာမျက်နှာ ၃၁




ပုံ ( ၈ ) ၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် တက်ရောက်ကြသော မြို့ အမျိုးသားနှင့် အမျိုးသမီးများ။

- ကျောက်တော်မြို့
- ဦးဝေမောင်သာ၊ ဦးစောဖေ၊ မအောင်ဖြူမေ၊ မညိုခိုင်ဖြူ၊ မမြစိန်၊ မလှစိန်၊ မကြာမဖြူ၊ မသိန်းဦး ၊ မစောယဉ်၊ မဦးညွန့်စိန်၊ မကျော့မေ၊ မမြအေးကြည်၊ မလှနုစိန်၊ မလှမေ။
- ၁၉၇၈ ခုနှစ်

( ၆ ) ၁၉၈၀ မှ ယနေ့ထိ မြိုလူမျိုးတို့၏ ဝတ်စား ဆင်ယင်မှု များ





ပုံ ( က )၊ ရခိုင်မျိုးနွယ်စု ညီအစ်ကိုမောင်နှမများနှင့် ရခိုင်သမိုင်းမှတ်တမ်းများ

- အေးသိန်း ( သမိုင်း သုတေသီ)
- စာမျက်နှာ ၊ ၃၇
- ၁၉၈၂ ခုနှစ် ဟု ယူဆရသည်။




ပုံ ( ခ ) ၊ (မမြစိန်) မြိုလူမျိုး

- ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံ။
- ၁၉၉၂ ခုနှစ်




ပုံ ( ၈ ) ၊ (ဦးလင်ရိန်း)၊ မြိုလူမျိုး

- ဝက်မကျေးရွာ၊ ချင်းပြည်နယ်
- မြိုစာပေနှင့် ယဉ် ကျေးမှု ပွဲတော်
- ၂၀၁၅ ခုနှစ်




ပုံ ( ဃ ) ၊ မြိုလူငယ် နှစ်ဦး

- ဝက်မကျေးရွာ
- ချင်းပြည်နယ်
- မြိုစာပေနှင့် ယဉ်ကျေးမှု ပွဲတော်
- ၂၀၁၅ ခုနှစ်




ပုံ ( င )၊ ဦးဝင်းမာ ( မြို လူမျိုး )

- ဝက်မကျေးရွာ
- ချင်းပြည်နယ်
- သြဂုတ်လ, ၂၀၁၉ ခုနှစ်




ပုံ ( ၈ )၊ ဦးဝင်းမာနှင့် ဇနီး ဒေါ်ဖြူမေ

( မြိုလူမျိုး )

ဝက်မကျေးရွာ၊ ချင်းပြည်နယ်

\- ဩဂုတ်လ, ၂၀၁၉ ခုနှစ်




ပုံ ( ဆ ) ၊ မဝင်းသူဇာ ( B.Ed ကျောင်းသူ၊ မြို့အမျိုးသမီးငယ်)

- တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၊ နှစ်(၅၀) ရွှေရတုအခမ်းအနား
- ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်




ပုံ (၈ )၊ မောင်ဂျိုးဇတ်၊ မ ခက်ခက်ခိုင် ( မြိုလူမျိုး)

- Verities Of Mro
- ပြည်သူ့ရင်ပြင်
- နိုဝင်ဘာလ ၂၀၁၈

## ( ၇ ) ဓါတ်ပုံ ရရှိခဲ့သော အသေးစိတ် အချက်အလက်များ

| အမှတ်စဉ် | ဓါတ်ပုံပါ<br>အကြောင်းအရာ | ဓါတ်ပုံ ရရှိခဲ့သော<br>အရင်းအမြစ် | ထောက်ခံသူ<br>အဖွဲ့အစည်းအမည် |
|---|---|---|---|
| ၃ ( က ) | မြိုလူမျိုးတို့၏ မြောက်ဦးခေတ် ကြေးရုပ်ထု | မြောက်ဦးမြို့နယ် | မြိုစာပေနှင့်ရိုးရာ<br>ယဉ်ကျေးမှု<br>ဖော်ထုတ်ရေးအသင်း |
| ၃ ( ခ ) | မြိုလူမျိုးတို့၏မြောက်ဦးခေတ်<br>ကျောက်ရုပ်ထု | မြောက်ဦးမြို့နယ် | မြိုစာပေနှင့်ရိုးရာ<br>ယဉ်ကျေးမှု<br>ဖော်ထုတ်ရေးအသင်း |
| ၄ (က ) | ၁၉၃၀ - ခုနှစ် ပလက်ဝတွင် မြိုတို့<br>ခရစ်ယာန် ဘာသာသို့<br>ကူးပြောင်းမှု အကြောင်းပါ စာအုပ်တွင်<br>အဝခူမီးဟု ဖော်ပြ ထားသည်၊<br>- ၎င်းတို့ လူမျိုးအကြား ခေါ်ဝေါ်သော ဒေသိယစကား အခေါ်သာ ဖြစ်သည်။ | Dense Jungle Green<br>- ၁၉၂ | Ahton Cultural<br>Research<br>and Development<br>Center – Yangon.<br>/မြိုစာပေနှင့်ရိုးရာ<br>ယဉ်ကျေးမှု<br>ဖော်ထုတ်ရေးအသင်း |

| | | | |
|---|---|---|---|
| ၅ ( က ) | ၁၉၆၈ ခုနှစ် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ မြို့အမျိုးသမီး တစ်ဦး။ | - ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ် ကျေးမှု ရိုးရာဓလေ့ ထုံးစံများ (ချင်း)<br>- စာမျက်နှာ ၆၅ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၅ ( ခ ) | မလှဖြူ ( မြို့အမျိုးသမီး )<br>- ဘောက်ထော်၊ ရန်ကုန်မြို့<br>- ၁၉၇၂- ခုနှစ် | - ဆွေမျိုး မိသားစုဝင်ထံမှ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၅ ( ဂ ) | မလှစိန် (မြို့ အမျိုးသမီး)<br>- ပြည်ထောင်စုနေ့<br>- တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးသိပ္ပံ<br>- ၁၉၇၅ ခုနှစ် | - ဆွေမျိုးများထံမှ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၅ (ဃ) | မကြာဖံဖြူ ( လမ်းမတော် )<br>- ပြည်ထောင်စုနေ့<br>- တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးသိပ္ပံ<br>- ၁၉၇၅ ခုနှစ် | - ဆွေမျိုးများထံမှ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |

| | | | |
|---|---|---|---|
| ၅ ( င ) | - ၁၉၇၆ ခုနှစ် ရခိုင်ပြည်နယ် မှ မြို့ အမျိုးသား ၊အမျိုးသမီး ပုံ။ | - ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်း သား ယဉ်ကျေးမှု ရိုးရာ ဓလေ့ ထုံးစံများ ( ချင်း )<br>- စာမျက်နှာ ၃၁ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၅ (စ ) | ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ကြသော မြို့အမျိုးသမီး၊အမျိုးသားများ။<br>- ကျောက်တော်မြို့<br>- ၁၉၇၈ ခုနှစ် | - ဒေါ်သိန်းဦး ထံမှ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၆ ( က ) | ဘူသီးတောင်မြို့နယ်မှမြို့ အမျိုးသမီးများ | - ရခိုင်မျိုးနွယ်စု ညီအစ်ကိုမောင်နှမများနှင့်ရခိုင် သမိုင်းမှတ်တမ်းများ၊<br>- အေးသိန်း (သမိုင်း သုတေသီ)<br>- စာမျက်နှာ ၊ ၃၇ | မြို့စာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |

| | | | |
|---|---|---|---|
| ၆ (ခ ) | (မမြစိန်) မြိုလူမျိုး<br>- ပြည်ထောင်စု<br>- တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သိပ္ပံ။<br>- ၁၉၉၂ ခုနှစ် | ဒေါ်သိန်းဦး ထံမှ | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၆ ( ဂ ) | (ဦးလင်ရိန်း)၊ မြိုလူမျိုး<br>- မြိုစာပေနှင့် ယဉ်ကျေးမှု ပွဲတော်<br>- ဝက်မကျေးရွာ၊ ချင်းပြည်နယ်<br>- ၂၀၁၅ ခုနှစ် | Ahton Cultural Research and Development Center - Yangon | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၆ ( ဃ ) | မြိုလူငယ် နှစ်ဦး<br>- မြိုစာပေနှင့်ယဉ်ကျေးမှု ပွဲတော်<br>- ဝက်မကျေးရွာ ချင်းပြည်နယ်<br>- ၂၀၁၅ ခုနှစ် | Ahton Cultural Research and Development Center - Yangon | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၆ ( င ) | ဦးဝင်းမာ ( မြိုလူမျိုး )<br>- ဝက်မကျေးရွာ ချင်းပြည်နယ်<br>- ၂၀၁၉ခုနှစ်၊ ဩဂုတ် လ, | Ahton Cultural Research and Development Center – Yangon<br>- ချင်းသမိုင်းဆိုင်ရာကွင်းဆင်း လေးလာရေး အချိန်နတွင်မှတ်တမ်းတင် ရိုက်ကူးသည်။ | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |

| | | | |
|---|---|---|---|
| ၆ ( ၈ ) | ဦးဝင်းမာ ( မြိုလူမျိုး ) + မြိုအမျိုးသမီး တစ်ဦး<br>- ဝက်မကျေးရွာ ချင်းပြည်နယ်<br>- ၂၀၁၉ခုနှစ်၊ ဩဂုတ်လ | Ahton Cultural Research and Development Center – Yangon<br>- ချင်းသမိုင်းဆိုင်ရာကွင်းဆင်းလေ့လာရေး အချိန်နတွင်မှတ်တမ်းတင်ရိုက်ကူးသည်။ | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၆ ( ဆ ) | မဝင်းသူဇာ<br>(B.Ed ကျောင်းသူ၊ မြိုအမျိုးသမီးငယ်)<br>- တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊<br>နှစ်(၅၀) ရွှေရတုအခမ်းအနား<br>- ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက် | ဝေလာဘီကျေးရွာ၊ မြောက်ဦးမြို့နယ် | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |
| ၆ ( ဇ) | မောင်ဂျိုးဇတ်၊မခက်ခက်ခိုင် ( မြိုလူမျိုး )<br>- Verities Of Mro<br>- ပြည်သူ့ရင်ပြင်<br>- နိုဝင်ဘာလ ၂၀၁၈ | Ahton Cultural Research and Development Center - Yangon | မြိုစာပေနှင့်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း |

မြို့စာပေနှင့်ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေးအသင်း၏

# မြို့တိုင်းရင်းသားလူမျိုးတို့၏
# ဝတ်စားဆင်ယင်မှုနှင့် ခေတ်အလိုက်ရိုးရာ
# ဝတ်စား ဆင်ယင်မှုဆိုင်ရာ မှတ်တမ်းဓါတ်ပုံများ။